# CBI Newsletter

## Reaching the NGO Community Nationwide

CAPACITY BUILDING INITIATIVE

Volume 11, Issue 4

January, 2011

## Our Vision

Competent individuals and organizations are working together and contributing enthusiastically their capacity for the development of Myanmar.

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

## Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.

## ရည်မှန်းချက်

စီဘီအိုင်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကို အရည်အသွေးပြည့်ဝသော သင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝန်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

## Contents

Training Policy for CBI
Singapore Facilitators Conference
Disaster Risk Awareness and Management Workshop in Colombo ------------------ 2
Good News for Myanmar NGOs
Presentation on Disaster Risk Awareness and Management
Change Discovery Forum ------------------- 3
Follow-up and Sharing Workshops for CBI-CWS Project ------------------ 4
Trainings and Services from CBI --------------- 5 - 11
Update NGO Contact Information
CBI Training Calendar ---------------------- 12

## မာတိကာ

စီဘီအိုင်ရဲ့ သင်တန်းမူဝါဒ
စင်ကာပူတွင် ပြုလုပ်တဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ညီလာခံ
ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် ကြိုတင်စီမံပြင်ဆင်မှု ------- ၂
မြန်မာအန်ဂျီအိုများအတွက် သတင်းကောင်းတစ်ရပ်
ပြောင်းလဲမှုများ ဖော်ထုတ်တဲ့ ဖိုရမ် -------- ၃
စီဘီအိုင်-စီဘယ်လျူအက်စ် စီမံချက်အပေါ် ပြန်လည်သုံးသပ်ဝေမျှသည့် အလုပ်ရုံဆွေးနွေးပွဲများ --------- ၄
စီဘီအိုင် သင်တန်းများနှင့် ဝန်ဆောင်မှုများ ----- ၅ - ၁၁
လူမှုရေးအဖွဲ့အစည်းများကို ဆက်သွယ်ရန် သတင်းအချက်အလက်များ
စီဘီအိုင် သင်တန်းအချိန်ဇယား ------- ၁၂

### Contact CBI

No. 497, Room No. 201-202, Tower B, Diamond Condo, Pyay Road, Kamayut Township, Yangon, Myanmar
Phone : (95-1) 501 379, 523 675, (95-9) 540 8067
Email : cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@yangon.net.mm
Website : www.cbiinmyanmar.org

### စီဘီအိုင်ကိုဆက်သွယ်ရန်

အမှတ် ၄၉၇၊ အခန်း ၂၀၁-၂၀၂၊ တာဝါ ဘီ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၅၀၁ ၃၇၉၊ ၅၂၃ ၆၇၅၊ ၀၉ ၅၄၀ ၈၀၆၇
အီးမေးလ် - cbiinfo@myanmar.com.mm, cbi@baganmail.net.mm, cbitraining@yangon.net.mm
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org

*Limited for Internal Circulation Only*



## Training Policy for CBI

CBI Team took a break during the second week of January 2011 to work out and finalize the Training Policy drafted in November 2010. It was a two-day intensive workshop held at Ngwe Saung. All members of CBI enthusiastically and rigorously worked together to have a finalized Training Policy for CBI. CBI Team also discussed and worked on the Article of Association of CBI, which will be used in registration process, for a half-day before leaving for Yangon.

## စီဘီအိုင်ရဲ့သင်တန်းမူဝါဒ

စီဘီအိုင်အဖွဲ့ဟာ ဇန်နဝါရီလ ဒုတိယပတ်မှာ အလုပ်တွေကနေ ခေတ္တရပ်နားရင်း ၂၀၁၀ နိုဝင်ဘာလ ကတည်းက အကြမ်းရေးဆွဲထားတဲ့ သင်တန်းမူဝါဒတွေကို အပြီးသတ် ရေးဆွဲ သတ်မှတ် ခဲ့ပါတယ်။ ငွေဆောင်မှာ နှစ်ရက်တာအချိန်တိုလေးအတွင်း အာရုံစူးစိုက်ပြီး ပြုလုပ်ခဲ့ရတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုလည်း ဖြစ်ပါတယ်။ စီဘီအိုင်ဝန်ထမ်းတွေကလည်း အဲဒီသင်တန်း မူဝါဒတွေကို အပြီးသတ်ရေးဆွဲချမှတ်နိုင်ဖို့ အားသွန်ခွန်စိုက် တက်ကြွစွာ လုပ်ဆောင်ခဲ့ကြပါတယ်။ ရန်ကုန်ကို ပြန်လည် မထွက်ခွာခင် ရရှိတဲ့ အချိန်နေ့ဝက်လေးမှာတောင် စီဘီအိုင်အဖွဲ့အစည်းအနေဖြင့် ရပ်တည်သွားနိုင်ဖို့ မှတ်ပုံတင်ရာမှာလိုအပ်တဲ့ သင်းဖွဲ့စည်းမျဉ်းကိုလည်း အပြီးသတ် ဆွေးနွေးခဲ့ကြပါသေးတယ်။

## Singapore Facilitatiors Conference



CBI Training Team was invited to attend the two-day Singapore Facilitators Conference from 11-12 November 2010 in Singapore. CBI was financially supported by FES to send four facilitators including Project Director. CBI also sent one more facilitator to that conference at its own cost. CBI Team learnt a lot not only on the facilitating the conference but also on how different sessions were run with different topics and different facilitators simultaneously.

## စင်ကာပူတွင် ပြုလုပ်တဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာ ညီလာခံ

စီဘီအိုင်သင်တန်းအဖွဲ့ဟာ စင်ကာပူနိုင်ငံတွင် နှစ်ရက်တာပြုလုပ်သည့် ပံ့ပိုးကူညီခြင်းဆိုင်ရာ ညီလာခံသို့ တက်ရောက်ဖို့ ဖိတ်ကြားခံရပါတယ်။ စီဘီအိုင်ရဲ့ ဒါရိုက်တာအပါအဝင် သင်တန်းဆရာ ၄ဦး ဟာ အက်ဖ်အီးအက်စ် ရဲ့ ငွေကြေးအထောက်အပံ့နဲ့ တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆရာ တစ်ယောက်ကတော့ စီဘီအိုင်ကနေ အကုန်အကျခံ တက်ရောက်ခဲ့ပါတယ်။ တက်ရောက်ခဲ့ကြတဲ့ စီဘီအိုင်သင်တန်းအဖွဲ့ဟာ ညီလာခံ ပံ့ပိုးကူညီခြင်း နည်းလမ်းတွေအပြင် မတူညီတဲ့ ခေါင်းစဉ်အမျိုးမျိုးနဲ့ အခန်းကဏ္ဍအမျိုးမျိုးကို ညီလာခံ ပံ့ပိုးကူညီသူတွေ ဆက်တိုက် စီစဉ်ဆောင်ရွက်သွားပုံများကိုပါ လေ့လာခဲ့ရပါတယ်။

## Disaster Risk Awareness and Management Workshop




European Commission, Church World Service (CWS) and Den Church Aid (DCA) jointly held a workshop on Disaster Risk Awareness and Management in Colombo, Sri-Lanka in October 2010. CBI Director was invited to that workshop and attended. The aim of the workshop was for the NGOs to aware the risk around us while at home, at office, on travel, while walking etc. and to know how to protect from and reduce the risk and how to manage. The workshop lasted for three days.

## ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် ကြိုတင်စီမံပြင်ဆင်မှု

ဥရောပကော်မရှင်၊ စီဒဘယ်လျူအက်စ်နှင့် ဒန်ချက်ချ်အိတ်တို့ပူးပေါင်းကာ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနဲ့ စီမံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့မှာ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလက ကျင်းပခဲ့ပါတယ်။ စီဘီအိုင် ဒါရိုက်တာကို အဲဒီအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ဖို့ ဖိတ်ကြားတာကြောင့် တက်ရောက်ခဲ့ပါတယ်။ သုံးရက်တာ ပြုလုပ်တဲ့ အဲဒီအလုပ်ရုံဆွေးနွေးပွဲက မိမိတို့ရဲ့ အိမ်မှာပဲဖြစ်ဖြစ်၊ ရုံးမှာပဲဖြစ်ဖြစ် ခရီးသွားနေရင်းပဲဖြစ်ဖြစ် လမ်းလျှောက်နေစဉ် အချိန်ကလေး အတွင်းမှာပင် မိမိတို့အနားမှာ ရှိနေတဲ့ ဘေးအန္တရာယ်များကို သိရှိသွားကြပြီး အဲဒီအတွက် ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်ပါတယ်။

## Good News for Myanmar NGOs

CBI has planned to conduct several training particularly for Myanmar NGOs like it did last year at no cost. For identifying training, CBI will also conduct training need assessment with cooperation of MNGOs.

## မြန်မာအန်ဂျီအိုများအတွက် သတင်းကောင်းတစ်ရပ်

စီဘီအိုင်အနေနဲ့ ပြီးခဲ့တဲ့နှစ်ကလိုပဲ ငွေကြေးအကုန်အကျခံစရာမလိုတဲ့ မြန်မာအန်ဂျီအိုတွေအတွက် အထူးသီးသန့် သင်တန်းတွေ ဖွင့်လှစ်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ ဖွင့်လှစ်သွားမယ့် သင်တန်းအမျိုးအစားတွေကို သတ်မှတ်နိုင်ရန်အတွက် မြန်မာအန်ဂျီအိုတွေရဲ့ ပူးပေါင်းကူညီမှုနဲ့ သင်တန်းလိုအပ်ချက် ဆန်းစစ်မှုတွေ လုပ်ဆောင်သွားဖို့ ရှိပါတယ်။

## A Presentation on Disaster Risk Awareness and Management



CBI Director, as a report back of the workshop he participated in Colombo, gave a presentation on Disaster Risk Management to the NGO staffs at LRC in the afternoon of 28 January 2011. He briefly explained about the risk, security and safety and the security management framework.

## ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် ကြိုတင်စီမံပြင်ဆင်မှု

စီဘီအိုင် ဒါရိုက်တာဟာ ကိုလံဘိုမြို့မှာ တက်ရောက်ခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲအကြောင်းကို ဇန်နဝါရီလ ၂၈ ရက် နေ့လည်ခင်းမှာ လူမှုရေး အဖွဲ့အစည်းတွေက ဝန်ထမ်းတွေကို ပြည်တွင်းအရင်းအမြစ်ဌာနမှာ ပြန်လည်ဆွေးနွေး တင်ပြခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ဘေးအန္တရာယ်အကြောင်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံမှု နည်းလမ်းတွေကိုပါ အတိုချုပ်ပြီး ရှင်းလင်းတင်ပြသွားပါတယ်။

## Change Discovery Forum

CBI training team, including Facilitation ToT Intern- Facilitators, organized change discovery forum on 28th December, 2010 at Chatrium Hotel. This one-day forum was kind of end of project evaluation for CBI/ CWS project. 30 delegates from different LNGOs, CBOs and SHGs and 4 stakeholders from partner organizations attended in this forum. Overall objective of forum was to discover individual and institutional level changes and enhancements of different LNGOs, CBOs and SHGs during last year. In the morning, the participants were asked to seek their friends who have attended CBI training together and let them to reflect their training days' remembrance. Evaluation session started after lunch and CBI team used spider-gram as evaluation tools and also tried to discover community impact of CBI/CWS capacity building project by using macro- level impact mapping. One day forum was ended-up with games and lucky draw program in the evening.



## ပြောင်းလဲမှုများ ဖော်ထုတ်တဲ့ ဖိုရမ်

စီဘီအိုင် သင်တန်းအဖွဲ့က ပံ့ပိုးကူညီသူတွေ ပံ့ပိုးကူညီသူ ဆရာဖြစ်သင်တန်းဆင်းတွေ ပူးပေါင်းကာ ၂၀၁၀ ဒီဇင်ဘာလ ၂၈ ရက်နေ့က ပြောင်းလဲမှုများ ဖော်ထုတ်တဲ့ တွေ့ဆုံဆွေးနွေးပွဲ တစ်ခုကို ချက်ဒရီယမ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ စီဘီအိုင် စီဒဘယ်လျူအက်စ် စီမံချက်အပေါ် လေ့လာ အကဲဖြတ်တဲ့ တစ်ရက်တာ ဆွေးနွေးပွဲတစ်ခုလဲ ဖြစ်ပါတယ်။ မြန်မာအန်ဂျီအို စီဘီအိုတွေ ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းတွေကနေ ဝန်ထမ်းစုစုပေါင်း ၃၀ဦး၊ မိတ်ဖက် အဖွဲ့အစည်းတွေက ပူးပေါင်းသူ ၄ ဦးတို့ တက်ရောက်ခဲ့ပါတယ်။

အဲဒီ တွေ့ဆုံ ဆွေးနွေးပွဲဟာ သင်တန်းသား တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက်၊ အဖွဲ့အစည်းအလိုက် ပြောင်းလဲသွားတာတွေနဲ့ ၂၀၁၀ အတွင်း မြန်မာအန်ဂျီအို စီဘီအိုတွေ ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းတွေရဲ့ တိုးမြှင့်လုပ်ဆောင်ချက်တွေကို လေ့လာဖော်ထုတ်ဖို့ ရည်ရွယ်ပါတယ်။ နံနက်ပိုင်းမှာ ဆွေးနွေးပွဲကို တက်ရောက်လာသူတွေက သင်တန်းတွေမှာ တွေ့ကြုံ ခင်မင်ခဲ့ရတဲ့ သင်တန်းသား သူငယ်ချင်းတွေနဲ့ ပြန်လည်တွေ့ဆုံပြီး သင်တန်းတက်တုန်းက အမှတ်ရစရာတွေကို ပျော်ရွှင်ရင်းနှီးစွာ ပြည်လည် ပြောဆိုခဲ့ကြပါတယ်။ လေ့လာအကဲဖြတ်တဲ့အစီအစဉ်ကိုတော့ နေ့လည်ပိုင်း ထမင်းစားပြီးတော့မှ စတင်ခဲ့ပြီး စီဘီအိုင်သင်တန်းအဖွဲ့ဟာ Spider Gram တွေကို အသုံးပြုခဲ့ပါတယ်။ စီဘီအိုင်-စီဒဘယ်လျူအက်စ် စီမံချက် သင်တန်းတွေကြောင့် ပြည်သူလူထုအတွင်းမှာ အကျိုးသက်ရောက်မှု ဘယ်လောက်ရှိသွားတယ်ဆိုတာကို တိုင်းတာ သိရှိနိုင်ဖို့အတွက် Macro Level Impact Mapping ကို အသုံးပြုပြီး တိုင်းတာခဲ့ပါတယ်။ အဲဒီ တစ်ရက်တာ ဆွေးနွေးပွဲကို ပျော်ရွှင်စရာ ကစားနည်းအစီအစဉ်တွေ ကံစမ်းမဲဖောက်ခြင်းအစီအစဉ်တွေနဲ့ အဆုံးသတ်ခဲ့ပါသည်။

## Follow-up and Sharing Workshops for CBI-CWS Project

CBI has been implementing a Capacity Building project for Myanmar NGOs in partnering with Church World Services (CWS) since January 2010. By this project, staff of Myanmar NGOs received six different types of trainings and two Training of Trainer (ToT) courses. In order to maximize the services provided by CBI-CWS project, CBI conducted follow-up and sharing workshops as predetermined plan. To enhance the effectiveness of the follow-up workshops, we set specific objectives.



The follow-up workshops for six trainings organized within April to October 2010, were conducted by Service Analyst of CBI and TOT 2nd Batch interns during the month of November and December at CBI training room. Altogether 26 participants from 21 Local NGOs participated in those workshops. From those workshops we figured out how much and how deeply they applied the knowledge and skills from training, what challenges they encountered while application, how they could overcome and what kind of supports they needed at work, by using mind mapping, brain storming, gallery walk and most significant change methods. During the workshops, participants had chance to learn and share the experiences and were able to discuss and observe ways to solve the problem from community.

One day follow-up workshop for Training of Trainer (ToT) course participants was conducted on 17 December, 2010 at Yangon International Hotel. Altogether 13 participants from both 1st and 2nd Batch participants showed their attendance on that day. It was designed to expose the reflection of experiences during and after the training, exploration of applications and changes, sharing of current issues in facilitation and searching the future they inspired. At the end of the workshops, all participants were very satisfied with what they have done during the workshop as they got new learning points.

## စီဘီအိုင် - စီဒဘာယ်လျူအက်စ် စီမံချက်အပေါ် ပြန်လည်သုံးသပ်ဝေမျှသည့် အလုပ်ရုံ ဆွေးနွေးပွဲများ

စီဘီအိုင်ဟာ စီဒဘာယ်လျူအက်စ်နဲ့ ပူးပေါင်းပြီး မြန်မာအန်ဂျီအိုတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးတဲ့ စီမံကိန်းကို ၂၀၁၀ ဇန်နဝါရီလကထဲက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီစီမံချက်အရ မြန်မာအန်ဂျီအိုအဖွဲ့အစည်းတွေက ဝန်ထမ်းတွေဟာ သင်တန်းခြောက်မျိုးနဲ့ သင်တန်းဆရာဖြစ်သင်တန်းနှစ်ခုတို့ကို လက်ခံရရှိခဲ့ပြီး ဖြစ်ပါတယ်။ စီဘီအိုင်-စီဒဘာယ်လျူအက်စ် စီမံချက်က ပြုလုပ်တဲ့ သင်တန်း အရည်အသွေးတွေကို ပိုမိုကောင်းမွန်လာစေဖို့ ရည်သန်ကာ ပြန်လည်သုံးသပ်မျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲတွေကို စီစဉ်ဆောင်ရွက်သွားမယ်လို့ ကြိုတင် ပြင်ဆင်ထားခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူတွေ အကျိုးကျေးဇူးရသွားစေဖို့အတွက် တိကျသေချာတဲ့ ရည်မှန်းချက်တွေကိုလဲ ရေးဆွဲသတ်မှတ်ထားခဲ့ပါတယ်။

၂၀၁၀ ဧပြီလကနေ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ပြီးဖြစ်တဲ့ သင်တန်းခြောက်မျိုးကို ပြန်လည်သုံးသပ်မျှဝေတဲ့ အလုပ်ရုံ ဆွေးနွေးပွဲတွေကို နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတွေမှာ စီဘီအိုင်က ဝန်ဆောင်မှု ဆန်းစစ်သုံးသပ်သူနဲ့ သင်တန်းဆရာဖြစ်သင်တန်းဆင်းအချို့တို့က စီဘီအိုင်သင်တန်းခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲတွေကို မြန်မာအန်ဂျီအို ၂၁ ဖွဲ့က သင်တန်းသား ၂၆ ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းသားတွေအနေနဲ့ သင်တန်းတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေက သင်ယူလေ့လာခဲ့တာတွေကို ပြန်လည် အသုံးချခဲ့ပုံ၊ အသုံးချရာမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတွေနဲ့ အဲဒါတွေကို ကျော်ဖြတ်ခဲ့ပုံ၊ အလုပ်ခွင်မှာ အဆင်ပြေချောမွေ့ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်နေသေးတဲ့ ပံ့ပိုးကူညီမှုတွေကို ဖော်ထုတ် သိရှိနိုင်ဖို့အတွက် စိတ်ကူးမြေပုံဆွဲနည်း၊ ဖြစ်ထွက်တွေးခေါ်ခြင်းနည်းလမ်းများ၊ ပြခန်းအတွင်း လှည့်လည် လေ့လာခြင်းနဲ့ ထူးခြားသော ပြောင်းလဲမှုများကို လေ့လာခြင်း စတဲ့နည်းလမ်းတွေသုံးပြီး လေ့လာဖော်ထုတ်ခဲ့ပါတယ်။ ဆွေးနွေးပွဲ တက်ရောက်သူတွေဟာ အချင်းအချင်း အတွေ့အကြုံတွေကို ပြန်လည် ဝေမျှကြကာ သူတို့ရဲ့ လုပ်ငန်းခွင်တွေမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို တင်ပြနိုင်ကြပြီး စုပေါင်းအဖြေရှာနိုင်တဲ့ အခွင့်အရေး ရရှိခဲ့ပါတယ်။



သင်တန်းဆရာဖြစ်သင်တန်းတွေအတွက် ပြန်လည်သုံးသပ် ဝေမျှတဲ့ အလုပ်ရုံ ဆွေးနွေးပွဲကိုတော့ ဒီဇင်ဘာလ ၁၇ ရက်နေ့က ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်မှာ တစ်ရက်တာ ပြုလုပ်ခဲ့ပါတယ်။ ပြုလုပ်ခဲ့ပြီးဖြစ်တဲ့ သင်တန်းနှစ်ကြိမ်က သင်တန်းသား ၁၃ ယောက်ပါဝင်ခဲ့ကြပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ သူတို့ရဲ့ အတွေ့အကြုံတွေကို ပြန်လည်ထင်ဟပ်စေခဲ့ပြီး သင်တန်းက လေ့လာ သင်ယူခဲ့တာတွေကို လက်တွေ့ ပြန်လည်အသုံးချတဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြောင်းလဲမှုတွေကိုလဲ စူးစမ်း လေ့လာခဲ့ကြပါတယ်။ ဒါ့အပြင် ပံ့ပိုးကူညီသူတွေ လက်ရှိအချိန်မှာ တွေ့ကြုံနေရတဲ့ အကြောင်းအရာတွေကိုလဲ အချင်းချင်းပြန်လည် မျှဝေခဲ့ကြသလို သူတို့ရဲ့ အနာဂတ် မျှော်မှန်းချက်များကိုလဲ ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေ အပြီးမှာ တက်ရောက်လာသူတွေဟာ သူတို့အနေနဲ့ သင်တန်းမှာ သင်ကြားခဲ့ရတာတွေကို ပြန်လည်မှတ်မိလာတဲ့အပြင် အတွေ့အကြုံတွေကို အချင်းချင်း ပြန်လည် ဝေမျှနိုင်ခြင်းတို့ကြောင့် အသစ် ထပ်မံသင်ယူခွင့် ရရှိခဲ့တဲ့အတွက် အလွန်ကျေနပ်အားရကြောင်း ပြောကြားသွားကြပါတယ်။

## Facilitation ToT Training (2nd Batch, 3rd Module)



Capacity Building Initiative (CBI) has been organizing Facilitation ToT Trainings by CBI-CWS Project.

The 3rd Module for 2nd Batch Facilitation ToT Training was conducted from 26 to 29 October, 2010.

After the training, participants said that

- We can transform our knowledge into skill in practice session.
- We get many learning points by discussing among us.
- We will apply facilitation knowledge, tools, methods and training design in our work areas.

## ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း (ဒုတိယအကြိမ် အပိုင်း ၃)

စီဘီအိုင်-စီဒဘလျူအက်စ် စီမံချက်အရ စီဘီအိုင်အနေနဲ့ ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းတွေကို ပို့ချပေးလျက်ရှိနေပါသည်။ ဒုတိယအကြိမ် ဆရာဖြစ်သင်တန်းရဲ့ အပိုင်း ၃ ကို အောက်တိုဘာလ ၂၆ရက်နေ့ကနေ ၂၉ ရက်နေ့ အထိ ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းအပြီး သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများကတော့

- လက်တွေ့လေ့ကျင့်ချိန်တွေမှာ လေ့လာသိရှိမှုတွေကို ထုတ်သုံးနိုင်တဲ့ စွမ်းရည်တွေ ရရှိခဲ့ပါတယ်။
- တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ဆွေးနွေးမှုတွေကနေ အများကြီး သင်ယူလေ့လာလိုက်ရတယ်။
- ပံ့ပိုးကူညီခြင်းဆိုင်ရာ အသိပညာတွေ ကိရိယာတွေ နည်းလမ်းတွေနဲ့ သင်တန်းပုံစံရေးဆွဲတာတွေကို လက်တွေ့လုပ်ငန်းခွင်မှာ ကျင့်သုံးသွားမယ်။

## Monitoring and Evaluation Training for Local NGOs Staff



There are many International and local NGOs implementing different kinds of development projects in Myanmar. As NGO staff are working in projects, it is necessary to have knowledge of project cycle, logical framework approach and monitoring and evaluation (M&E).

CBI training team delivered Monitoring and Evaluation Training for Local NGOs' staff on 20-22 October, 2010 at CBI Training Centre. It was the last training of the joint project of Capacity Building Initiative (CBI) and Church World Service (CWS).

The overall purpose of the training was to have the comprehensive knowledge of the project monitoring and evaluation to be able to apply in development projects. Trainers from CBI designed and conducted the training based on training needs assessment findings.16 participants from 14 LNGOs attended this training. Most of them are currently working as project key players and some are specifically responsible for project planning, monitoring and evaluation. The challenge for trainers and participants was training duration because the period wasn't sufficient for allocating practice session for participants but the training was evaluated as effective and satisfied both by participants and trainers.

## မြန်မာအန်ဂျီအိုအဖွဲ့အစည်းများမှ ဝန်ထမ်းတွေအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းသင်တန်း

ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံအနှံ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိနေကြပါတယ်။ အဲဒီအဖွဲ့အစည်းတွေမှာ ပါဝင်လုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေဟာလည်း စီမံချက်စက်ဝန်း၊ ကျိုးကြောင်းစီစဉ်မှု မူဘောင်နဲ့ စောင့်ကြည့်လေ့လာ အကဲဖြတ်တာတွေကို သိရှိသဘောပေါက်ထားဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် မြန်မာအန်ဂျီအိုအဖွဲ့အစည်းတွေက ဝန်ထမ်းတွေအတွက် စောင့်ကြည့်လေ့လာခြင်းနဲ့ ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်းကို စီဘီအိုင်က အောက်တိုဘာလ ၂၀ ရက်နေ့ကနေ ၂၂ ရက်နေ့ အထိ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်တန်းဟာ စီဘီအိုင်-စီဒဘလျူအက်စ် စီမံချက်ရဲ့ နောက်ဆုံးသင်တန်းလည်း ဖြစ်ပါတယ်။

သင်တန်းရဲ့ ရည်ရွယ်ချက်က ဖွံ့ဖြိုးရေးစီမံချက်တွေမှာလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြတဲ့ ဝန်ထမ်းတွေ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ အသိပညာတွေရရှိသွားပြီး စီမံချက်တွေမှာ ပြန်လည်အသုံးချနိုင်စေဖို့ ဖြစ်ပါတယ်။ သင်တန်းမှာလဲ စီဘီအိုင်သင်တန်းဆရာတွေဟာ သင်တန်းလိုအပ်ချက်ဆန်းစစ်မှုတွေကနေ တွေ့ရှိထားချက်တွေနဲ့ ကိုက်ညီအောင် ပို့ချပေးခဲ့ပါတယ်။

မြန်မာအန်ဂျီအိုအဖွဲ့အစည်း ၁၄ ခုက ဝန်ထမ်း ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ပြီး အများစုဟာ စီမံချက်တွေမှာ ပါဝင် လုပ်ဆောင်နေကြသူတွေ ဖြစ်ကြပြီး အချို့ကလည်း စီမံချက် အစီအစဉ်ရေးဆွဲတာ စောင့်ကြည့်လေ့လာ အကဲဖြတ်တာတွေမှာ တာဝန်ရှိသူတွေ ဖြစ်ကြပါတယ်။ သင်တန်းချိန် တိုတောင်းလို့ လက်တွေ့လေ့ကျင့် လုပ်ဆောင်ရချိန် နည်းပါသွားတာဟာ အားလုံးအတွက် အခက်အခဲ တစ်ရပ်ဖြစ်ခဲ့ပေမယ့် အောင်မြင်တဲ့ သင်တန်းတစ်ခုဖြစ်ကြောင်း သင်တန်းသားတွေနဲ့ သင်တန်းဆရာတွေက မှတ်ချက် ပေးခဲ့ကြပါတယ်။

## Participatory Monitoring and Evaluation (P M&E) Training

CBI conducted "Participatory Monitoring & Evaluation" Training from 4 to 8 October, 2010. The purpose of the training was to have clear understanding on the aspect of monitoring and evaluation from the participatory approach by using facilitation tools. 12 male and 8 female, altogether 20 participants attended the training actively.

This five-day training was divided into two main parts as Participation and Facilitation, Monitoring and Evaluation. So, at the end of the training, the participants will have a clear picture of participation and facilitation and understanding of participatory monitoring and evaluation tools.



Voice of the Participants:

We now have clear understanding about Log Frame.

We know the difference between P M&E and M&E.

We notice whatever tools we used trust is the most important to get full participation.

Learning Methods are very effective to get the main concepts.

## လူထုပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာသုံးသပ်ခြင်း သင်တန်း

ဒီဇင်ဘာလ ၄ ရက်နေ့ကနေ ၈ ရက်နေ့အထိ "လူထုပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာသုံးသပ်ခြင်း" သင်တန်းကို စီဘီအိုင်က ပို့ချပေးခဲ့ပါတယ်။ ပံ့ပိုးကူညီမှုဆိုင်ရာ နည်းလမ်းတွေကို အသုံးပြုပြီး လူထုပူးပေါင်းပါဝင်တဲ့နည်းလမ်းတွေကနေ စောင့်ကြည့်လေ့လာ အကဲဖြတ်တဲ့ ရှုထောင့်တွေကို ရှင်းလင်းစွာ နားလည်သွားကြစေဖို့ ရည်ရွယ်ပါတယ်။ အမျိုးသား ၁၂ဦး၊ အမျိုးသမီး ၈ ဦး၊ စုစုပေါင်း သင်တန်းသား ၂၀ ဦးဟာ သင်တန်းမှာ တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။

သင်တန်းဟာ ငါးရက်ကြာမြင့်ခဲ့ပြီး ပူးပေါင်းပါဝင်ခြင်းနဲ့ ပံ့ပိုးကူညီခြင်း၊ စောင့်ကြည့်လေ့လာခြင်းနဲ့ အကဲဖြတ်ခြင်းဆိုပြီး အပိုင်းနှစ်ပိုင်းခွဲကာ ပို့ချပေးခဲ့ပါတယ်။ ဒါ့ကြောင့် သင်တန်းအပြီးမှာတော့ သင်တန်းသားတွေဟာ ပူးပေါင်းပါဝင်ခြင်းနဲ့ ပံ့ပိုးကူညီခြင်းဆိုတာတွေကို နားလည်သွားကြသလို လူထုပူးပေါင်းပါဝင်တဲ့ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းကိရိယာတွေကိုပါ သိရှိနားလည်သွားကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- Log Frame ကို ရှင်းလင်းစွာ ကောင်းကောင်းနားလည်ခဲ့ပါပြီ။
- P M&E နဲ့ M&E ကို ကွဲကွဲပြားပြား သိရှိသွားပါပြီ။
- ဘယ် Tools ကိုပဲသုံးသုံး Full Participation ရှိဖို့ဆိုရင် Trust ရှိဖို့ အရေးကြီးဆုံးပါပဲ။
- Learning Methods တွေဟာ အလွန်ကောင်းပြီး ထိရောက်ပါတယ်။

## Organizational Capacity Assessment (OCA) and Strategic Planning Workshops

To enhance the organizational capacity, CBI provides OCA and Strategic Planning Workshop for National NGOs and CBOs.

During the months of October to December 2010, CBI Team conducted OCA Workshops and OCA follow-up Workshops for Karen Baptist Convention (KBC), The National YMCA of Myanmar, Future Generation (MawLaMyine), Ninghtoi Gintawng Banmaw Local Development Organization and Social Vision Services. Moreover, Strategic Planning Workshops for Swanyee Development Foundation (SDF), Myanmar Health Assistant Association (MHAA), Myanmar's Heart Development Organization, Ratana Metta Organization (RMO) National Young Women's Christian Association (YWCA) were conducted.

## အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်ခြင်းနဲ့ မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ

စီဘီအိုင်အနေနဲ့ မြန်မာလူမှုရေး အဖွဲ့အစည်းတွေအတွက် စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ မဟာဗျူဟာ အစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွေ ပြုလုပ်ပေးလျက် ရှိနေပါတယ်။

အောက်တိုဘာလကနေ ဒီဇင်ဘာလအတွင်းမှာပဲ ကလျာဏ ယုဝခရစ်ယာန်အသင်း၊ မျိုးဆက်သစ် (မော်လမြိုင်)၊ မိုးသောက်ကြယ် ဗန်းမော်ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့အတွက် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆန်းစစ်အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးခဲ့တဲ့အပြင် မဟာဗျူဟာအစီအစဉ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကို စွမ်းရည်ဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးများအသင်း၊ မြန်မာ့နှလုံးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရတနာ့မေတ္တာ၊ ယုဝတီ ကလျာဏယုဝ အမျိုးသမီးများ အသင်းတို့အတွက် ပြုလုပ်ပေးခဲ့ပါသေးတယ်။



Limited for Internal Circulation Only

## Report Writing Training

Three-day training on "Report Writing" was conducted by CBI from 13 to 15 October, 2010. Altogether 20 participants from 16 Local Organizations attended the training. The purpose of the training was to deliver the knowledge, skills and methods for the clear, concise and quality reports useful for their work.

During the training, the participants practiced in writing an effective report by understanding the writing process. Moreover they understood how to edit a report, how to analyze and interpret the data, how to plan and structure a report which were relevant to their work nature.



Voice of Participants

- We understand data interpretation and analysis.
- Now we know mind mapping which gives us more support in writing reports.
- Games and role plays make me easier to learn and can be apply in my work.

## အစီရင်ခံစာရေးသားခြင်း သင်တန်း

အောက်တိုဘာလ ၁၃ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ အစီရင်ခံစာရေးသားခြင်းသင်တန်းကို စီဘီအိုင်က ပို့ချပေးခဲ့ပါတယ်။ မြန်မာလူမှုရေး အဖွဲ့အစည်း ၁၆ ခုက သင်တန်းသား ၂၀ဦး တက်ရောက်ခဲ့ပါတယ်။ သင်တန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ရှင်းလင်းတိကျ အနှစ်သာရရှိတဲ့ အစီရင်ခံစာတွေ ရေးသားပြုစုလာနိုင်စေဖို့အတွက် သိရှိနားလည်ထားသင့်တဲ့ အသိပညာ ဗဟုသုတတွေကို မျှဝေပေးနိုင်ဖို့ဖြစ်ပါတယ်။

သင်တန်းကာလအတွင်းမှာလဲ သင်တန်းသားတွေဟာ အကျိုးရှိထိရောက်တဲ့ အစီရင်ခံစာရေးသားနည်းတွေကို နားလည်သဘောက်ပေါက်ခဲ့ကြပြီး ရေးသားလေ့ကျင့်ခဲ့ကြသလို အစီရင်ခံစာတွေကို ဘယ်လိုတည်းဖြတ်ရမယ်၊ အချက်အလက်တွေကို ဘယ်လိုလေ့လာဆန်းစစ်ရမယ်၊ သက်ဆိုင်ရာအလုပ်နဲ့ ဆီလျော်တဲ့ အစီရင်ခံစာဖြစ်လာစေဖို့ ဘယ်လိုစီစဉ်ပြုစုရမယ်ဆိုတာတွေကိုပါ သိရှိသွားကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- သတင်း အချက်အလက်တွေကို ဘယ်လိုဆန်းစစ်ပြုစုရမယ်ဆိုတာကို နားလည် သဘောပေါက်လာပါပြီ။
- စိတ်ကူးမြေပုံရေးဆွဲနည်းကိုသိလိုက်ရတဲ့အတွက် အစီရင်ခံစာရေးသားရာမှာ အလွန် အထောက်အကူဖြစ်ပါတယ်။
- ကစားနည်းတွေ သရုပ်ဆောင်လုပ်သရုပ်တူ တင်ဆက်တာတွေကြောင့် သင်ယူမှတ်သားရာမှာ ပိုလွယ်ကူစေပါတယ်။ လုပ်ငန်းခွင်မှာလဲ ပြန်လည် အသုံးချသွားပါမယ်။

## Staff Management Training

Staff Management Training was delivered by CBI Training Team with the objectives of exploring the new managerial ideas of NGOs' staff while retaining the best of traditional management thinking. The training was from 14 to 16 September, 2010 and total of 19 participants from 15 Local Organizations attended. In that 3 day training, participants shared and learnt the managerial experiences on functions of management, understood the fundamentals of management and gained an insight into the major components of managerial work.



Voice of Participants

- We know the concepts for Strategic Planning.
- Learning from role play is very effective.
- Summarizing at the end of session is good.

## ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်း သင်တန်း

စီဘီအိုင်သင်တန်းအဖွဲ့အနေနဲ့ လူမှုရေးအဖွဲ့အစည်းတွေမှာ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဝန်ထမ်းတွေ ရှိရင်းစွဲ စီမံခန့်ခွဲမှု အတွေးအခေါ်တွေကို ဆက်လက်ထိန်းသိမ်းကာ အကြံဉာဏ်သစ်တွေ ထွက်ပေါ်လာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဝန်ထမ်းရေးရာစီမံခန့်ခွဲခြင်း သင်တန်းကို ပို့ချပေးခဲ့ပါတယ်။ အဲဒီသင်တန်းကို စက်တင်ဘာလ ၁၄ရက်နေ့ကနေ ၁၆ရက်နေ့အထိ ပြုလုပ်ခဲ့တာဖြစ်ပြီး ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ၁၅ ဖွဲ့က သင်တန်းသား ၁၉ ဦး ပါဝင်တက်ရောက်ခဲ့ပါတယ်။ သုံးရက်တာသင်တန်းကာလမှာ သင်တန်းသားတွေဟာ စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံတွေကို ပြန်လည်ဝေမျှသင်ယူကြသလို စီမံခန့်ခွဲခြင်းရဲ့အခြေခံသဘောတရားတွေကို နားလည်သွားကြပါတယ်။ ဒါ့အပြင်စီမံခန့်ခွဲခြင်းနယ်ပယ်ရဲ့ အဓိက အစိတ်အပိုင်းတွေကိုလဲ အတွင်းကျကျသိမြင် နားလည်သွားကြပါတယ်။

သင်တန်းသားတို့ရဲ့ ရင်ဖွင့်သံများ

- Strategic Planning နဲ့ ပတ်သက်တဲ့ concept တွေကို သိရတယ်။
- Role Play တွေနဲ့ သင်ခန်းစာကို သင်ကြားပြသပေးတာ အလွန်ကောင်းပါတယ်။
- သင်ခန်းစာတစ်ခုပြီးတိုင်း အနှစ်ချုပ်ပေးတာ ကောင်းပါတယ်။

## Organization Development (OD) Workshop

Organization Development (OD) Workshop was organized by CBI Training Team for the staff from Local Organizations to be able to understand the basic knowledge about organization development so as to facilitate and work for their organizational change and development successfully. Altogether 18 participants from 16 Local Organizations attended that workshop from 15 to 17 December, 2010. During the workshop, facilitators used participatory and process facilitation methods through experiential learning cycle (ELC). At the end of the workshop, participants said that
"We know the necessities for our organization."
"We found our organization strength and weakness."
"Now we know how to support our organization because of the organization development tools from that workshop."



## အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ

စီဘီအိုင်သင်တန်းအဖွဲ့ဟာ မြန်မာအန်ဂျီအိုအဖွဲ့အစည်းများမှ ဝန်ထမ်းတွေ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်တဲ့ အသိပညာတွေကို နားလည်သဘောပေါက်ပြီး သူတို့အဖွဲ့အစည်းတွေရဲ့ တိုးတက် ပြောင်းလဲမှုတွေမှာ ပါဝင်လုပ်ဆောင်လာနိုင်စေဖို့ရည်ရွယ်ပြီး "အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု" အလုပ်ရုံ ဆွေးနွေးပွဲကို ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ရက်နေ့ကနေ ၁၇ ရက်နေ့ အထိပြုလုပ်တာဖြစ်ပြီး အဖွဲ့အစည်း ၁၆ခုက သင်တန်းသား ၁၈ ဦး ပါဝင်ခဲ့ကြပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ အတွေ့အကြုံပေါ် အခြေခံသော သင်ယူခြင်း သံသရာစက်ဝန်းကဲ့သို့ အတူတကွ ပူးပေါင်းပါဝင်တဲ့ ပံ့ပိုးကူညီခြင်းဆိုင်ရာဆွေးနွေးမှု နည်းလမ်းတွေကိုအသုံးပြုခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲအပြီး တက်ရောက်သူ သင်တန်းသားတွေရဲ့ ရင်တွင်းစကားသံများကတော့
- မိမိတို့ အဖွဲ့နဲ့ပတ်သက်ပြီး လုပ်ဆောင်ဖို့ လိုအပ်နေတာတွေကို သိလာတယ်။
- မိမိအဖွဲ့အစည်းရဲ့ လိုအပ်ချက်၊ အားသာချက်များကို တွေ့ရှိလာပါတယ်။
- အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့ ကိရိယာတွေကို သိရှိရတာကြောင့် ကိုယ့်အဖွဲ့အစည်းကို ဘယ်လို ပံ့ပိုးသွားရမလဲဆိုတာကို ပိုသိလာပါတယ်။

## Human Resource Management (HRM) Training

CBI training team facilitated "Human Resource Management (HRM) Training" from 24 to 26 November, 2010 for Local NGO staff. 19 Participants, 6 male and 13 female, attended the 3-day training. The objectives of the training were to provide knowledge, skills and competency of human resource management to the participants and to gain proper understanding of HRM practice and to apply them in line with their work context.



By the end of the training, participants said that,
- We like all discussion, group work and sharing.
- We are happy for playing games which lead to HR Concepts
- Though duration is short, we got the main facts.

## လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲခြင်းသင်တန်း

နိုဝင်ဘာလ ၂၄ ရက်နေ့ကနေ ၂၆ ရက်နေ့အထိ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းတွေက ဝန်ထမ်းတွေအတွက် "လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း"သင်တန်းကို စီဘီအိုင်က ပို့ချပေးခဲ့ပါတယ်။ သင်တန်းသား စုစုပေါင်း ၁၉ဦး ပါဝင်တက်ရောက်ခဲ့ပြီး သင်တန်းရဲ့ ရည်ရွယ်ချက်တွေကတော့ တက်ရောက်သူ သင်တန်းသားတွေ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ကျွမ်းကျင်သူတစ်ယောက်မှာ ရှိသင့်တဲ့ အရည်အသွေးတွေကို သိရှိသွားကြစေဖို့၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းနဲ့ ပတ်သက်တဲ့နည်းလမ်းတွေကို နားလည်သွားကြပြီး သူတို့ အလုပ်ခွင်တွေမှာ ပြန်လည်အသုံးချနိုင်စေဖို့ ဖြစ်ပါတယ်။

သုံးရက်တာ သင်တန်းအပြီး သင်တန်းသားတွေရဲ့ ရင်ဖွင့်သံတွေကတော့
- ဆွေးနွေးချက်တွေ အဖွဲ့လိုက်လုပ်ဆောင်ရတာတွေနဲ့ ပြန်လည်မျှဝေ ပေးရတာတွေကို ကြိုက်နှစ်သက်ပါတယ်။
- Games ကစားရတာပျော်တယ် . . . HR Concept တွေနဲ့ တွဲသိရလို့ . . .
- အချိန်တိုပေမဲ့ လိုချင်သိချင်နေတဲ့ အချက်အလက်တွေကို သိရှိခွင့်ရပါတယ်။

## Project Cycle Management (PCM) Trainings for CBOs

The CBI training team conducted five Project Cycle Management trainings for the staff and members of CBOs in Yangon, Mandalay and Taunggyi during the month of November and December 2010. Three trainings in Yangon, one training each in Mandalay and Taunggyi and all together 100 staff participated.







Mandalay



Taunggyi

## စီဘီအိုများအတွက် စီမံချက်စက်ဝန်း စီမံခန့်ခွဲခြင်း သင်တန်းများ

ရန်ကုန်၊ မန္တလေးနဲ့ တောင်ကြီးဒေသတွေမှာရှိတဲ့ စီဘီအိုအဖွဲ့ငယ်တွေရဲ့ ဝန်ထမ်းတွေ အသင်းသားတွေအတွက် စီမံချက်စက်ဝန်းစီမံခန့်ခွဲခြင်းသင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ ၂၀၁၀ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလအတွင်း ရန်ကုန်မှာ (၃)ကြိမ်၊ မန္တလေးနဲ့ တောင်ကြီးမြို့တွေမှာ (၁)ကြိမ်စီနဲ့ စုစုပေါင်း ငါးကြိမ်တိုင်တိုင် ပို့ချခဲ့ရာမှာ ဝန်ထမ်း အယောက် ၁၀၀ ပါဝင်ခဲ့ကြပါတယ်။



Yangon

## Organization Development Workshop

CBI facilitators were responsible for a short term consultancy to the Htoi San for conducting Organization Development (OD) Workshop. This workshop was organized at Alam Training Centre, Myitkyina, Kachin State on 21-23 December 2010. Purpose of the Workshop was to understand the basic knowledge about organization development and to be able to facilitate their organizational change and development successfully.

Voice of Participants:

- We know the gap of our project, LDO activities.
- We revise about our current situation, needs and future trend of our organization.
- We understand what is Organization Development and 7" S" Model more.
- We get the development knowledge and know to prepare to become sustainable.
- Now, we know that we should have a system to access our strength and weakness.

## အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ

သင်တန်းအဖွဲ့ဟာ ထွယ်စန်အဖွဲ့အတွက် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ပေးဖို့ တာဝန်ယူခဲ့ပါတယ်။ ဒါ့ကြောင့် ဒီဇင်ဘာလ ၂၁ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အလန် သင်တန်းကျောင်းမှာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပေးခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအသိပညာတွေ ရရှိသွားစေဖို့၊ အဖွဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ အပြောင်းအလဲတွေမှာ ပံ့ပိုးကူညီပေးသွားနိုင်စေဖို့ပဲ ဖြစ်ပါတယ်။

တက်ရောက်သူများရဲ့ ရင်တွင်းစကားများကတော့

- မိမိတို့ရဲ့ စီမံကိန်း L.D.O လုပ်ငန်းတာဝန်က ဟာကွက်တွေ သိလာတယ်။
- မိမိတို့ရဲ့ အခြေအနေမှန်ကို ပြန်မြင်မိတယ်။ လိုအပ်ချက်တွေကို သုံးသပ်မိသလို အနာဂတ်အခြေအနေကိုလဲ ပုံဖော်မိတယ်။
- 7 "S" Model ကိုပိုမို နားလည်လာပြီး ဦ ဆိုတာကို သဘောပေါက်လာတယ်။
- ဖွံ့ဖြိုးရေး အမြင် ဗဟုသုတတွေ တိုးလာတယ်။ ရည်ရှည် တည်တံ့ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လိုတယ်ဆိုတာကိုလဲ သိလာတယ်။
- အဖွဲ့ရဲ့ အားသာချက်၊ အားနည်းချက်တွေကို ချိန်ထိုးကြည့်လို့ရမယ့် စနစ်တစ်ခုထားရှိဖို့ လိုအပ်တယ်ဆိုတာ သင်ယူခဲ့ရတယ်။

## Trainings for MSF-Switzerland

During the last Week of October, CBI Training Team conducted the Leadership Training and Communication Skill Training for the staff who are working for MSF-Switzerland in Dawei at MSF Swiss office. Trainings contents were aligned with the requirements mentioned by the organization and participants and adjusted based on the pre-course discussion, participants' expectations and results of pre-course assessment.



The "Communication Skill" training was from 25 to 26 October, 2010. The training objectives were to gain knowledge on communication in organizations and initiate the development of communication skills for internal and external communication. Participants agreed that their expectation on knowledge of communication methods and types of communication were met and they got clear insight on importance of communication. During the training, they could reflect their knowledge and had to practice their communication skill in some session.

The Leadership Training was held on 27-29 October, 2010 with 11 participants. All participants were holding management positions in different areas. This training aimed to develop middle level staff and team leaders to perform their tasks effectively and lead the team successfully through practicing the skills of leadership, principles of 360 degree leadership and effectiveness of team leadership. Participants said that they liked application of Experiential Learning Cycle (ELC), new training methods such as Open Space and World Café', ways of leading up, 360 degree leadership principles, playing conceptual games and relevant music.

## အမ်အက်စ်ဖက်ဖ် - ဆွစ်ဇလန် အတွက် သင်တန်းများ

အောက်တိုဘာလနောက်ဆုံးပတ်မှာ စီဘီအိုင်သင်တန်းအဖွဲ့ဟာ ထားဝယ်ရှိ အမ်အက်စ်ဖက်ဖ်-ဆွစ်ဇလန် အဖွဲ့ရဲ့ ဝန်ထမ်းတွေအတွက် ခေါင်းဆောင်မှုပညာသင်တန်းနဲ့ ဆက်သွယ်ဖလှယ်မှု ကျွမ်းကျင်သင်တန်းများကို ပို့ချပေးခဲ့ပါတယ်။ သင်တန်းမှာ ပို့ချမယ့် အကြောင်းအရာတွေကို အဖွဲ့အစည်းနဲ့ သင်တန်းသားတွေဆီက လိုအပ်နေတာတွေနဲ့ ကိုက်ညီအောင် သင်တန်းအကြို ဆွေးနွေးချက်တွေ သင်တန်းသားတွေရဲ့ မျှော်လင့်ချက်တွေ သင်တန်းမတိုင်ခင် ဆန်းစစ်လေ့လာမှုတွေပေါ် မူတည်ပြီး ရေးဆွဲခဲ့ပါတယ်။

ဆက်သွယ်ဖလှယ်မှု ကျွမ်းကျင်သင်တန်းက အောက်တိုဘာလ ၂၅ရက်နေ့ကနေ ၂၆ရက်နေ့အထိ ဖြစ်ပါတယ်။ အဖွဲ့အစည်းအတွင်း ဆက်သွယ်ဖလှယ်ရေးနဲ့ပတ်သက်တဲ့ အသိပညာတွေ ရရှိသွားစေဖို့အပြင် မိမိတို့အဖွဲ့အစည်းအတွင်းမှာရော အခြားသော အဖွဲ့အစည်းတွေနဲ့ရော ဆက်သွယ် ဖလှယ်ရေးတွေ တိုးတက်ဖွံ့ဖြိုး အစပျိုးလာစေဖို့ ရည်ရွယ်ပြီး ပြုလုပ်ခဲ့ပါတယ်။ သင်တန်းသားတွေဟာ သူတို့မျှော်လင့်ထားကြတဲ့ ဆက်သွယ် ဖလှယ်မှုအမျိုးအစားတွေ၊ နည်းလမ်းတွေနဲ့ပတ်သက်တဲ့ အသိပညာတွေကို ရရှိသွားကြပါတယ်။ သူတို့ဆီမှာရှိနေတဲ့ အသိပညာတွေကိုလဲ ပြန်လည် ထင်ဟပ်စေခဲ့ပြီး အချို့သင်တန်းချိန်တွေမှာ လက်တွေ့လုပ်ဆောင် လေ့ကျင့်ခွင့် ရခဲ့ကြပါတယ်။ ဆက်သွယ်ဖလှယ်ရေးရဲ့ အရေးပါပုံကိုလဲ ရှင်းလင်းစွာ နားလည်သွားကြပါတယ်။

ခေါင်းဆောင်မှုပညာ သင်တန်းကိုတော့ အောက်တိုဘာလ ၂၇ရက်နေ့ကနေ ၂၉ရက်နေ့အထိ သင်တန်းသား ၁၁ ဦးနဲ့ ပြုလုပ်ခဲ့ပါတယ်။ သင်တန်းသားတွေဟာ အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်နေကြသူတွေဖြစ်ပါတယ်။ ဒီသင်တန်းဟာ အလယ်အလတ်အဆင့် ဝန်ထမ်းတွေ၊ အဖွဲ့ခေါင်းဆောင်တွေ သူတို့ရဲ့အလုပ်တာဝန်တွေကို ပိုမိုထိရောက်အောင် လုပ်ဆောင်လာနိုင်စေဖို့နဲ့ သူတို့ရဲ့အဖွဲ့ကို အောင်မြင်စွာ ဦးဆောင်လာနိုင်စေဖို့ ရည်ရွယ်ပြီး ပြုလုပ်တာပဲ ဖြစ်ပါတယ်။



သင်တန်းသားတွေအနေနဲ့ ထိရောက်တဲ့ အသင်းအဖွဲ့ခေါင်းဆောင်မှု၊ ၃၆၀ ဒီဂရီ ခေါင်းဆောင်မှု အတတ်ပညာတွေအစရှိတာတဲ့ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အချင်းတွေကို သိရှိနားလည်ပြီး လေ့ကျင့်နိုင်ခဲ့ကြပါတယ်။

သင်တန်းသားတွေဟာ အတွေ့အကြုံကိုအခြေခံတဲ့ သင်ယူမှုစက်ဝန်း (ELC)၊ ဆန်းသစ်တဲ့ ကစားနည်းတွေ၊ လိုက်ဖက်ညီတဲ့ ဂီတသံစဉ်တွေ၊ လက်ဖက်ရည်ဝိုင်းဖွဲ့ ဆွေးနွေးခြင်း (World Cafe')၊ လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခြင်း (Open Space)၊ ဦးဆောင်မှုနည်းလမ်းတွေ၊ ၃၆၀ ဒီဂရီ ခေါင်းဆောင်မှုပညာ စတာတွေကို နှစ်သက်တယ်လို့ ပြောကြားပါတယ်။

## Trainings for Save the Children in Myanmar

Save the Children in Myanmar contracted CBI to conduct "Communication Skills Training" and "Report Writing Training" for their staff.



The "Communication Skills Training" was conducted on 20-22 October, 2010 at Local Resource Centre Training Hall, Salmon Business Centre. A total of 27 participants from different projects and from the head office attended the training.

All participants enjoyed the participatory way of training methodologies and felt comfortable for that learning environment. They learnt the importance and usefulness of communication and their needs from presentation exercise and got good experience from practical session.

The "Report Writing Training" was from 29 November to 1 December 2010. The training sessions were taken place at Myanmar Literature Resource Centre (MLRC) Training Hall, Compound of Institute of Education, Pyay Road, Yangon. This training aimed to equip the knowledge, methods and skills for writing clear concise and cohesive reports related to their work.

Voice of Participants:

- I like SPR because I think it supports in writing report effectively.
- I like Recap session after each lesson as we can review the lesson.
- I got ways to solve the problem when we have time difficulty in writing report.
- I like the explanation on Report Writing step by step.

## အက်စ်စီ မြန်မာအတွက် သင်တန်းများ

စီဘီအိုင်ဟာ လူမှုရေးအဖွဲ့အစည်းတွေ စီမံချက်တွေကို စီမံအုပ်ချုပ် အကောင်အထည်ဖော်ရာမှာ အကူအညီ အထောက်အပံ့ဖြစ်စေဖို့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးတဲ့ သင်တန်းတွေကို ပို့ချပေးလျက်ရှိနေပါတယ်။ ဒါ့ကြောင့် အက်စ်စီမြန်မာဟာ စီဘီအိုင်ကို သူတို့ရဲ့ဝန်ထမ်းတွေအတွက် ဆက်သွယ်ဖလှယ်မှု ကျွမ်းကျင်သင်တန်းနဲ့ အစီရင်ခံစာရေးသားနည်းသင်တန်းတွေ ပို့ချပေးဖို့ အလုပ်အပ်နှံ ခဲ့ပါတယ်။

### ဆက်သွယ်ဖလှယ်မှု ကျွမ်းကျင်သင်တန်း

သင်တန်းကို အောက်တိုဘာလ ၂၀ရက်နေ့ကနေ ၂၂ ရက်နေ့အထိ ဆော်လမွန်စီးပွားရေးစင်တာရှိ ပြည်တွင်းအရင်းအမြစ်ဌာန သင်တန်းခန်းမမှာ သုံးရက်တာ ပြုလုပ်ခဲ့ပါတယ်။ အက်စ်စီအဖွဲ့ စီမံချက်တွေနဲ့ ရုံးချုပ်က ဝန်ထမ်း စုစုပေါင်း ၂၇ ဦး ပါဝင် တက်ရောက်ခဲ့ပါတယ်။ သင်တန်းသားတွေဟာ အတူတကွပူးပေါင်းပါဝင်ရတဲ့ သင်တန်းနည်းလမ်းတွေကို ကြိုက်နှစ်သက်ကြပြီး အဲဒီလိုသင်ယူလေ့လာရတာကို သဘောကျကြပါတယ်။ ဆက်သွယ်ဖလှယ်မှုရဲ့ အရေးကြီးပုံ အသုံးဝင်ပုံတွေကို သင်ယူခဲ့ကြသလို သူတို့ရဲ့ လိုအပ်ချက်တွေကိုပါ သိရှိခဲ့ကြပါတယ်။ လက်တွေ့ လေ့ကျင့်ချိန်တွေကြောင့် အတွေ့အကြုံကောင်းတွေလည်း ရရှိသွားကြပါတယ်။

### စီရင်ခံစာရေးသားနည်း သင်တန်း



အစီရင်ခံစာရေးသားနည်း သင်တန်းကိုတော့ နိုဝင်ဘာလ ၂၉ ရက်နေ့ကနေ ဒီဇင်ဘာလ ၁ ရက်နေ့ အထိ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်တန်းကိုတော့ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု သင်တန်းကျောင်းမှာ ပြုလုပ်ခဲ့ပါတယ်။ သင်တန်းကို သက်ဆိုင်တဲ့အလုပ်တွေမှာ ကျစ်ကျစ်လစ်လစ် လိုရင်းတိုရှင်း အစီရင်ခံစာတွေကို ရေးသားနိုင်စေဖို့အတွက် အစီရင်ခံစာရေးသားနည်း အသိပညာတွေကို ရရှိသွားစေဖို့ ရည်ရွယ် ပြုလုပ်တာပဲ ဖြစ်ပါတယ်။

သင်တန်းသားတို့ ရင်ဖွင့်သံများ

- SPR ကဏ္ဍကို ကြိုက်နှစ်သက်ပါသည်။ အစီရင်ခံစာရေးရာမှာ ပိုမို အထောက်အကူပြုမယ်လို့ ထင်ပါတယ်။
- သင်ခန်းစာ တစ်ခုပြီးတိုင်း မနခစေ ပြန်လုပ်ပေးတဲ့ ပုံစံကို ကြိုက်နှစ်သက်ပါတယ်။ သင်ခန်းစာတွေကို ပြန်နွှေးပေးသလို ဖြစ်လို့ပါ။
- တစ်ခါတရံ အချိန်အခက်အခဲကြောင့် အစီရင်ခံစာရေးရတာ ကြာနေတာတွေကို ဖြေရှင်းဖို့ နည်းလမ်းတွေ ရပါတယ်။
- အစီရင်ခံစာရေးသားနည်းတွေကို အဆင့်တွေ ခွဲပြီး ရှင်းလင်းတာကို ကြိုက်နှစ်သက်ပါတယ်။

# Update NGO Contact Information

လူမှုရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်ရန်
သတင်းအချက်အလက်များ

**New Website Address of Capacity Building Initiative (CBI) : www.cbiinmyanmar.org**

**New Email Address of Swanyee Development Foundation (SDF) : swanyee@swanyee.org**

### Japan Heart Myanmar

*Head Office:*
Room-617 (6th Floor), Traders Hotel
223, Sule Pagoda Road, Kyauktada Township, Yangon
Tel: 95-1-242828 (Ext:617)
Email: japanheart.myanoffice@gmail.com, jhygn@yangon.net.mm

*Office I:*
No. 12/H1, Aye Yeikthar Street, Kabaraye Pagoda Road, 8 Miles, Mayangone Township, Yangon
Tel: 95-9-665081

*Office II:*
Room 02-02 (2nd Floor), Park Royal Hotel
33, Alan Pya Phaya Road, Dagon Township, Yangon
Tel: 95-1-250388 (Ext: 8210)

### Myanmar's Heart Development Organization (MHDO)

22/24, Sa Mone Street, Nawaratt Condo, Room 2C, Lamadaw Pyi (East), Dagon Township, Yangon
Tel: 95-1-73050913

### OISCA Myanmar

Room 5, Building E, Shwe Sabai Yeikmon, Bayint Naung Road, Kamayut Township, Yangon
Tel: 95-1-515304 (Ext:249)

### Social Vision Services (SVS)

Room 2C-2D, No. (8-10), South Myin Pyine Kwin Road, Tamwe Township, Yangon
Tel: 95-1-401446, 401447

## CBI Training Calendar (January to May 2011)

| No | Training Title | Training Delivery Dates | Training Invitation Dates | Application Closing Dates | Confirmation Dates from CBI |
|---|---|---|---|---|---|
| 1. | Result Based Project Management (Project Assessment) | 26-28 January | 8 Dec | 5 Jan | 12 Jan |
| 2. | Human Resources Management (Resourcing) | 9-11 February | 22 Dec | 12 Jan | 19 Jan |
| 3. | Result Based Project Management (Project Design) | 23-25 February | 6 Jan | 2 Feb | 9 Feb |
| 4. | Human Resources Management (Performance Management & Rewar Ding) | 9-11 March | 19 Jan | 16 Feb | 23 Feb |
| 5. | Result Based Project Management (Project Monitoring & Evaluation) | 23-25 March | 2 Feb | 3 March | 9 March |
| 6. | Human Resources Management (Learning & Develpoment) | 6-8 April | 23 Feb | 16 March | 23 March |
| 7. | Human Resources Management (Employee Relation) | 4-6 May | 9 March | 8 April | 25 April |